## အပြစ်ရှိကြောင်းသတ်မှတ်ခံရမှု

တရားရုံးတော်မှာ စီရင်ချက်ချခံရဖို့ထိုင်ပြီးစောင့်နေရသူတစ်ဦးအနေနဲ့ကိုယ့်ကိုယ်ကို ပုံဖေါ်ကြည့်ရအောင်။ သေဒါဏ်အထိအပြစ်ပေးခံရနိုင်တဲ့ လူသတ်မှုအတွက် သင် တရားရင်ဆိုင်နေရတယ်လို့ ဆိုကြပါစို့။ တရားလိုဖက်က သက်သေခံပစ္စည်းတွေကို ခုံသမာဓိအဖွဲ့ ထံတင်ပြပြီး သင့်ရှေ့နေကလဲ သင့်ကိုယ်စား လျှောက်လှဲတောင်းဆိုပြီးဖြစ်တယ်ဆိုကြပါစို့။ အခုတော့ ခုံသမာဓိအဖွဲ့ရဲ့တရားစီရင်ချက်ကို သင် စောင့်မျှော်နေရချိန်ရောက်ပါပြီ။

ခုံသမာဓိအဖွဲ့ရဲ့ ခေါင်းဆောင်ကြီး တရားစီရင်ရာခန်းမထဲ ခြေချလိုက်ပြီဆိုတာနဲ့ ရုံးတော်တခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါပြီ။ တရားသူကြီးရှေ့မှာ သင်လဲမတ်မတ်ရပ်ပြီး မျက်နှာချင်းဆိုင်နေရပါပြီ။ သင်အပြစ်ရှိတယ်ဆိုတာ သင်ကလွဲပြီးတရားရုံးတခုလုံး ဘယ်သူမှ မသိကြဘူးလို့ဆိုကြပါစို့။ ခုံသမာဓိအဖွဲ့ရဲ့ ခေါင်းဆောင်ကြီးက သင်အပြစ်ထင်ရှားရှိတယ်ဆိုတာကို ကြေညာလိုက်တဲ့အခါ သင်အံ့သြမှာမဟုတ်ပါဘူး။ တရားသူကြီးက ဆုံးဖြတ်ချက်ချဖို့ ကျောက်ပြားကိုထုပြီးသင်အပြစ်ရှိကြောင်းကြေညာလိုက်ပြီဆိုရင် သင်ရဲ့ရှေ့နေလဲ သင့်ကို ကယ်လို့မရတော့ပါဘူး။ သင်ဟာ အကူညီမဲ့ဖြစ်သွားပါပြီ။

ဒါပေမယ့် သင်လက်ထိပ်နဲ့ ရုံးတော်ထဲကထွက်သွားချိန်မှာ လူစိမ်းတစ်ယောက် ရှေ့ထွက်လာပြီး “သင်ရဲ့အပြစ်ဒါဏ်ကို ကျွန်ုပ်ခံပါမယ်” “သင့်ကိုယ်စား အစားထိုးပေးပါမယ်” လို့ဆိုခဲ့ရင် တရားသူကြီးက အဲ့ဒီလူကို မေးခွန်းတွေမေးပြီး သင့်ကိုယ်စား အစားထိုးပေးနိုင်တဲ့အရည်အချင်းရှိတယ်လို့သတ်မှတ်လက်ခံနိုင်ရင်အစားထိုးခွင့်ပြုပါလိမ့်မယ်။ သင့်ရဲ့လက်ထိပ် သူ့ကိုပြောင်းခတ်ပါလိမ့်မယ်။ အဲ့ဒီ လူစိမ်းက မထိုက်တန်ဘဲသေဒါဏ်ကို သင့်ကိုယ်စားခံယူသွားချိန်မှာတော့ သင်ကလွတ်မြောက်တဲ့သူတစ်ယောက် ဖြစ်သွားပါပြီ။ သင်ဟာအပြစ်ရှိပေမယ့် သင်ကိုယ်စားလူတစ်ယောက်က အစားထိုးပြီး သင်ခံရမယ့် အပြစ်ဒါဏ်ကိုခံသွားပေးလို့ သင်အသက်ရှင်ခွင့် ရရှိသွားပါပြီ။

## သေခြင်းမှ အသက်ရှင်ခြင်းသို့

လူတိုင်း သေပြစ်သင့်တဲ့ တရားစီရင်မှုအောက်မှာမွေးဖွားလာကြရတာဖြစ်ပါတယ်။ ဒါပေမယ့် ဘုရားသခင်က အဲဒီလို အခြေအနေနဲ့အကြောင်းတရားထဲကလွတ်မြောက်အောင် လုပ်ဆောင်ပေးခဲ့ပါတယ်။ အပြစ်လွတ်ခြင်းနဲ့ ထာဝရအသက်ဖြစ်တဲ့ အင်မတန်အဖိုးရှိတဲ့ လက်ဆောင်ကို သူကိုယ်တိုင်သင့်အတွက်ပေးခဲ့ပါတယ်။

ခမည်းတော်ဘုရားသခင်က သားတော်ဖြစ်တဲ့ယေရှုခရစ်ကို သင့်ကိုယ်စား အစားထိုးပြီး သေဒါဏ်စီရင်ခံရမှုကလွတ်အောင် လုပ်ဆောင်ပေးခဲ့ပါတယ်။

သမ္မာကျမ်းစာ၊ ရေးသားမှတ်တမ်းတင်ထားတဲ့ ဘုရားသခင်ရဲ့စကားတော်ထဲမှာ

"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်
ပျက်ဆီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်
မိမိ၌တပါးတည်းသောသားတော်(ထူးခြားစွာမွေးဖွားစေသော)ကို
စွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။
လောကီသားတိုရအားအပြစ်စီရင်ခြင်းငှါ၊ဘုရားသခင်သည်
သားတော်ကို၌လောကသို့စေလွှတ်တော်မူသည်မဟုတ်။
လောကီသားတို့သည်ကိုယ်တော်အားဖြင့်ကယ်တင်ခြင်းသို့
ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။
သားတော်ကိုယုံကြည်သောသူသည်အပြစ်စီရင်ခြင်းကိုမခံရ။
မယုံကြည်သောသူမူကား၊ဘုရားသခင်၌တပါးတည်းသောသားတော်ကို
မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။ (ယော ၃း၁၆–၁၈)"

သင်ဟာအပြစ်ရှိပြီး သေခြင်းဖြစ်တဲ့တရားစီရင်ခြင်းကနေလွတ်အောင် ကိုယ့်ကိုယ်ကို မကယ်နိုင်သူဖြစ်တယ်။ ကိုယ့်ကိုယ်ကို ကယ်နိုင်လောက်အောင်အရည်အချင်းမရှိသူ၊ ကယ်တင်နိုင်လောက်အောင်ကောင်းမှုတွေမလုပ်နိုင်သူပါ။ ဒါပေမယ့် ဘုရားသခင်ကအပြစ်တရားအတွက် ထာဝရတရားစီရင်ခြင်းထဲကနေ လွတ်မြောက်အောင် လုပ်ဆောင်ပေးခဲ့တာပါ။ သင်လွတ်မြောက်ဖို့အတွက် အဖိုးအခကိုတော့ သင့်ကိုယ်စား ယေရှုဝင်ပြီး လက်ဝါးကပ်တိုင်ပေါ်မှာအသေခံပေးဆပ်ခဲ့တာပါ။ ဘုရားသခင်ရဲ့ ထာဝရအသက် လက်ဆောင်မွန်ကိုတော့ သင်ရိုးရှင်းမှန်ကန်စွာယုံကြည်ခြင်းနဲ့ လက်ခံရယူနိုင်ပါတယ်။

"သခင်ယေရှုခရစ်ကိုယုံကြည်လော့။
ယုံကြည်လျှင်ကယ်တင်ခြင်းသို့လိမ့်မည်။ (တမန်၊၁၆း၃၁(က))။"

သခင်ခရစ်တော်ကိုယုံကြည်တယ်ဆိုတာက ကိုယ့်အတွက်ကိုယ်စားဝင်ပြီး သူအသေခံပေးခဲ့တာ အမှန်ဖြစ်တယ်ဆိုတဲ့အချက်ကိုပါ။ သင်ယုံကြည်ဝန်ခံအချိန်ကစပြီး သင်ဟာအပြစ်နဲ့ကင်းစင်သူ၊ သေပြစ်ဒါဏ်မှလွတ်မြောက်သောသူဖြစ်သွားပါတယ်။ ဘုရားသခင်က သင့်ကို ထာဝရအသက်ပေးပြီး ကယ်တင်ခြင်းအတွက်လည်းအာမခံချက်ပေးတာဖြစ်ပါတယ်။ ချက်ခြင်း သင်ဟာထာဝရဘုရားနဲ့ထာဝရဆက်နွယ်မှုရရှိဖို့ပို့ဆောင်ပေးခြင်းခံလိုက်ရတာလဲဖြစ်ပါတယ်။

## ဘုရားသခင်နှင့်ကွဲကွာခြင်း

ဒီအခြေအနေအထိ သင်ဟာသေပြစ်အတွက်တရားစီရင်ခြင်းရဲ့အောက်မှာမွေးဖွားလာတယ်ဆိုတာသတိထားမိမှာမဟုတ်ပါဘူး။ သင်က ကိုယ့်ကိုယ်ကို "လူကောင်း" လို့ထင်ပြီး ဘုရားသခင်က "ဘယ်တော့မှ" တရားစီရင်မှာမဟုတ်ပါဘူးလို့လဲခံစားမိပါလိမ့်မယ်။ အမှန်တော့သင်ဟာအပြစ်ရှိသူပါ။ ဘုရားသခင်က သင့်ကိုတရားစီရင်ပြီးသားပါ။ ယေရှုခရစ်တော်တစ်ပါးတည်းဘဲသင့်ကိုကယ်တင်နိုင်တာပါ။ ခရစ်တော်ရဲ့နှုတ်တော်က ထုတ်ဖေါ်တဲ့စကားကို ခရစ်ဝင်ကျမ်းထဲမှာ အခုလိုတွေ့ရပါတယ်။

> ယေရှုက၊ငါသည်လမ်းခရီးဖြစ်၏။သမ္မာတရားလည်းဖြစ်၏။
> အသက်လည်းဖြစ်၏။ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှ
> ခမည်းတော်ထံသို့မရောက်ရ။ (ယောဟန်၊ ၁၄း၆)

သင်မွေးဖွားလာပြီဆိုကတည်းက ဘုရားသခင်နဲ့သင့်ရဲ့ကြားမှာ အတားအဆီးကြီးတစ်ခု ရှိနေပြီးသားပါ။ အဲ့ဒီအတားအဆီးက လူကို ဘုရားသခင်အထံတော်က ခြားနားဝေးကွာစေတာပါ။ ဘုရားသခင်က အစစစုံလင်ခြင်းရှိတော့ သူရဲ့သတ်မှတ်စံထားချက်တွေကလဲ စုံလင်ပါတယ်။ သင်မစုံလင်လို့ ဘုရားသခင်က သင့်ကိုဘယ်နည်းနဲ့မှ လက်ခံအတည်ပြုနိုင်ခြင်းမရှိပါဘူး။

ကျမ်းစာလာသည်ကား၊ **ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။**

ရောမ၊၃း၁၀

သမ္မာကျမ်းစာထဲမှာ လူဟာဖြောင့်မတ်စုံလင်ခြင်းမရှိဘူးလို့ပြောပါတယ်။ သင်ဟာလူသားတစ်ဦးအနေနဲ့အပြစ်နဲ့မွေးဖွားလာပြီး အဲဒီအပြစ်သဘာဝက သင့်ကို ဘုရားသခင်နဲ့ဆန့်ကျင်ဖက်အမှုတွေကိုကျူးလွန်အောင်သွေးဆောင်နေတာဘဲဖြစ်ပါတယ်။
အကျိုးဆက်ကတော့ သင့်ရဲ့အပြစ်ဗီဇကြောင့် သင်ပြုတဲ့ကောင်းမှုကုသိုလ်တွေကို ဘုရားသခင်ဘယ်လိုမှလက်မခံနိုင်တဲ့အကြောင်းဖြစ်ရတာပါဘဲ။

> ဤအကြောင်းအရာဟူမူကား၊အပြစ်တရားသည်
> တစ်ယောက်သောသူ(အာဒံ)အားဖြင့်ဤလောကသို့ဝင်၍၊
> အပြစ်တရားအားဖြင့်သေခြင်းတရားဝင်သည်နှင့်အညီ၊
> လူအပေါင်းတို့သည်အပြစ်ရှိသောကြောင့်သေခြင်းသို့ရောက်ရကြ၏။
> (ရောမ၊၅း၁၂)

အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။
ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည်
ညစ်သောအဝတ်နှင့် တူကြပါ၏။ (ဟေရှာ၆၄း၆(က)။

ကိုယ့်ကိုယ်ကို မညာဘူးဆိုရင် သင်ဟာအပြစ်ရှိတယ်၊အပြစ်ကျူးလွန်တယ်လို့ဝန်ခံမှာပါ။ ဒါပေမယ့် သင်သတိမပြုမိဖြစ်နိုင်တာက သင့်ကိုအပြစ်လုပ်အောင်သွေးနေတာဟာ သင့်ရဲ့ မွေးရာပါ အပြစ်ဗီဇက အတွင်းထဲကစည်းရုံးလှုံ့ဆော်နေတယ်ဆိုတာပါဘဲ။ အဲ့ဒီ အပြစ်ဗီဇကြောင့်လဲဘဲ ဘုရားသခင်သတ်မှတ်ထားတဲ့စံချိန်ကိုမမှီနိုင်တာဖြစ်ပါတယ်။

အဘယ်ကြောင့်နည်းဟူမူကား၊လူအပေါင်းတို့သည်
ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။
(ရောမ၊၃း၂၃)

ကျွန်ုပ်တို့ရဲ့ဗီဇသဘာဝက ကျွန်ုပ်တို့ကိုဘုရားသခင်နဲ့ကွဲကွာစေတာပါ။ ဘုရားသခင်ရဲ့ သတ်မှတ်ချက်အတိုင်းဆိုရင်တော့ တစ်ယောက်မှ “မကောင်း” ကြပါဘူး။ ဘုရားသခင်နဲ့ လူတို့စပ်ကြားမှာရှိနေတဲ့အတားအဆီးကို ဖယ်ရှားနိုင်အောင် “လုံလောက်တဲ့” ဆင်ခြင် လုပ်ဆောင်မှုတွေကို တစ်ယောက်မှမလုပ်နိုင်ပါဘူး။ ဖြောင့်မတ်စုံလင်တော်မူတဲ့ ဘုရားသခင်ကတဖက် မစုံလင်တဲ့လူသားကတဖက်နဲ့ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

## အပြစ်ကျွန်ဈေးတွင်ပိတ်မိနေခြင်း

အတားအဆီးရဲ့လူ့ဖက်အခြမ်းကို ကျွန်ဈေးတခုလို သမ္မာကျမ်းစာကပြောထားပါတယ်။ ကျနော်တို့ဟာ ကိုယ့်ရဲ့မှားယွင်းမှုတွေနဲ့ အပြစ်ဗီဇရဲ့ကျေးကျွန်တွေပါ။ ကျွန်ဆိုတာက ကိုယ့် လွတ်လပ်မှုအတွက် ကိုယ့်ဘာသာရွေးနှုတ်နိုင်၊ ဝယ်ယူနိုင်တဲ့သူတွေမဟုတ်ကြပါဘူး။ လူသားတိုင်းက အဲဒီကျွန်ဈေးကွက်ထဲမှာ “မွေးဖွား” လာကြရတာပါ။ ခရစ်တော်ကအခုလိုပြောပါတယ်

ဒုစရိုက်ကိုပြုသမျှသောသူတို့သည် ဒုစရိုက်၏ကျွန်ဖြစ်ကြ၏။ (ယောဟန်၊၈း၃၄)

ကျွန်ဈေးထဲမှာရှိတဲ့သူတွေမှာဘာအနာဂတ်မှမရှိပါဘူး။ အပြစ်ကျွန်ရဲ့အမွေခံအရာတွေ ကတော့ တရားစီရင်ခံရတာ၊ ထာဝရဘုရားနဲ့ကွဲကွာရတာ၊ ဘုရားသခင်ရဲ့အပြစ်ပေးဆုံးမမှု

ခံရတာတွေဘဲဖြစ်ပါတယ်။ လူသားအနေနဲ့သေပြစ်စီရင်ခြင်းခံရမှုအောက်မှာ မွေးဖွားခဲ့ပေမယ့် ဘုရားသခင်ရဲ့ကျေးဇူးတော်ကတော့ လွတ်မြောက်ရာကိုပို့ဆောင်ပေးပါတယ်။ ကျေးဇူးတော်ဆိုတာကတော့ သင်လုပ်ယူလို့မရနိုင်တဲ့အရာပါ။ ဘုရားသခင်ရဲ့ လုံလောက်တဲ့ မေတ္တာတော်ကြောင့် ဘုရားသခင်က သေခြင်းနဲ့ ထာဝရအသက်ရှင်ခြင်းကို ရွေးချယ်ခွင့်ပေးထားတာလဲဖြစ်ပါတယ်။

> အပြစ်တရား၏အခကားသေခြင်းပေတည်း။
> ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊
> ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း။
> (ရောမ၊၆း၂၃)

ဘုရားသခင်က သင့်ကိုအပြစ်ကျွန်ဈေးထဲမှာပစ်မထားပါဘူး။ သင်နဲ့အတူ လူသားအားလုံးကိုလဲ အပြစ်ကျွန်ဘဝကိုထားခဲ့ပြီးသူနဲ့ထာဝရတော်စပ်မှုရရှိအောင် လုပ်ပေးပါတယ်။

**အတားဆီးကိုဖယ်ရှားခြင်း**

ကျွန်တော်တို့ကို အပြစ်ကျွန်ဈေးကွက်ထဲကလွတ်စေဖို့ ဘုရားသခင်ကစုံလင်ပြီးစံချိန်မှီတဲ့အရာနဲ့လုပ်ဆောင်ဖို့ အစီအစဉ်ဆွဲပါတယ်။ ဘုရားသခင်နဲ့လူတို့ကြားက အတားအဆီးကို ဖယ်ရှားနိုင်ဖို့အတွက် ခမည်းတော်ဖြစ်တဲ့ဘုရားသခင်က သားတော်ဖြစ်တဲ့ ယေရှုခရစ်တော်ကိုစေလွှတ်ပါတယ်။

ယေရှုခရစ်က ထူးခြားပါတယ်။ဖြောင့်မတ်စုံလင်တဲ့ဘုရားဖြစ်သလို ဖြောင့်မတ်စုံလင်တဲ့လူသားလဲဖြစ်ပါတယ်။ သခင်ယေရှုက လူသားဖြစ်ရုံမဟုတ်ဘဲ စေလွှတ်တော်မူတဲ့ခမည်းတော်လို ဘုရားသခင်လဲဖြစ်ပါတယ်။ "ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်း ဖြစ်သည်ဟု မိန့်တော်မူ၏။" (ယောဟန်၊၁၀း၃၀)

ယေရှုခရစ်တော် ဘုရားလူသားအနေနဲ့ကြွလာတဲ့အခါ အပြစ်ကျွန်ဈေးအပြင်ဖက်မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့လူသားဖြစ်ခြင်းက ဖြောင့်မတ်စုံလင်ပါတယ်။ သူက အပြစ်သဘာဝမျိုးစေ့မပါဘဲ ထူးခြားစွာမွေးဖွားသန့်စင်ခဲ့ပါတယ်။ သူကိုယ်တိုင်က တစ်ကြိမ်တစ်ခါမှ အပြစ်မလုပ်ခဲ့ပါဘူး။ ဘုရားသခင်ရဲ့ တရားစီရင်ခြင်းခံရမယ့်သူလဲမဟုတ်ပါဘူး။ ခရစ်တော်တစ်ပါးထဲဘဲ ဘုရားသခင်ရဲ့သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းပြည့်စုံသူဖြစ်ပါတယ်။ ခရစ်တော်တစ်ပါးထဲသာ ကျွန်တော်တို့ကို အပြစ်ကျွန်ဈေးထဲက ရွေးဝယ်နိုင်သူဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်အပြစ်ကျွန်မဟုတ်ဘဲမွေးဖွားခဲ့သူဖြစ်လို့ပါ။ သင့်ကိုယ်စား

အစားထိုးပေးတဲ့သခင်ယေရှုကို အမြင့်ဆုံးတရားသူကြီးဖြစ်တဲ့ဘုရားသခင်က လက်ခံခဲ့တာဖြစ်ပါတယ်။

သမိုင်းတလျောက်လုံးမှာအဖြောင့်မတ်ဆုံးလူသားဖြစ်တဲ့ယေရှုခရစ်ဟာ လူတွေကိုယ်စား လက်ဝါးကပ်တိုင်မှာ တရားစီရင်ခြင်းကိုခံခဲ့တာဖြစ်ပါတယ်။

> အဘယ်ကြောင့်နည်းဟူမူကား၊ဘုရားသခင်သည်
> အပြစ်နှင့်ကင်းစင်သောသူကိုငါတို့အတွက်ကြောင့်
> အပြစ်ရှိသောသူဖြစ်စေတော်မူ၏။အကြောင်းမူကား၊
> ငါတို့သည်ထိုသူအားဖြင့်ဘုရားသခင်ရှေ့ရတော်၌
> ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။ (၂ကော၊၅း၂၁)

သခင်ယေရှုဟာ သင်နဲ့လောကသားအားလုံးရဲ့ အပြစ်တရားအတွက်ပေးဆပ်ရမယ့်အပြစ်ဒါဏ်ကို လက်ဝါးကပ်တိုင်ပေါ်မှာပေးခြေခဲ့တာဖြစ်ပါတယ်။ ကျူးလွန်ခဲ့သမျှအပြစ်အားလုံး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ တရားစီရင်ခြင်းကို ခံခဲ့ရတာဖြစ်ပါတယ်။ ခမည်းတော်ဘုရားသခင်ကအပြစ်အတွက်အမိန့်ထုတ်ခဲ့တာဖြစ်ပြီး ယေရှုခရစ်တော်က နာခံလုပ်ဆောင်ခဲ့တာပါ။

> ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊
> အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင်
> အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ (ဖိလိပ္ပိ၊၂း၈)

သင့်အတွက်အပြစ်ဒါဏ်စီရင်ခြင်းကိုလက်ခံလိုက်ပြီဆိုတာနဲ့တပြိုင်နက်ထဲယေရှုခရစ်ဟာ သင့်နေရာမှာအစားထိုးယူလိုက်တာပါ။ သင့်နေရာမှာအစားထိုး ယူလိုက်ပြီဆိုတာနဲ့ ယေရှုခရစ်ဟာ ဘုရားသတ်မှတ်တဲ့စံချိန်စံနှုန်းမှီတာကြောင့် ဘုရားသခင်နဲ့ သင့်ကြားမှာ ရှိတဲ့ အတားအဆီးကို ဖယ်ရှားပေးခဲ့တာဖြစ်တယ်။

## အပြစ်ကျွန်ဈေးဖွင့်ခဲ့ပြီ

အပြစ်ကျွန်ဈေးကွက်ထဲကချည်နှောင်မှုအားလုံးကို ယေရှုခရစ်တော်က ဖြေလွှတ်ပေးခဲ့ပါပြီ။ သင် လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ပါပြီ။ အခုတော့ ဘုရားသခင်ထံ

တိုးဝင်ချဉ်းကပ်လို့ရပါပြီ။ ဘုရားသခင်နဲ့သင့်ကြားက ဖယ်ရှားဖို့လိုအပ်တဲ့အရာမှန်သမျှဖယ်ရှားပြီးပါပြီ။

ဘုရားသခင်တဆူတည်းရှိတော်မူ၏။
ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာ၊လူဖြစ်သော
ယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။
ထိုအာမခံသည်လူအပေါင်းတို့ကိုရွေးအံ့သောငှါ
ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ (၁တိ၊၂း၅-၆ (က))

ယေရှုခရစ်ဟာ သင့်ကိုယ်စားအသေခံဖို့အတွက် လိုလိုလားလားလက်ခံခဲ့တာပါ။ သင်ဟာလွတ်မြောက်သူဖြစ်ပါတယ်။ သင်ဟာ အပြစ်ကျွန်စျေးကွက်ထဲက အကျဉ်းသား မဟုတ်တော့ပါဘူး။

အပြစ်ကျွန်စျေးကွက်က သင်ဘယ်လိုများလွတ်မြောက်လာပါသလဲ။ သင်လွတ်မြောက်ဖို့ ***လုပ်ရမယ့်အရာ၊ ပြောရမယ့်အရာ၊ ပြောင်းရမယ့်အရာ၊*** တခုခုကြောင့် မဟုတ်ပါဘူး။ သင်ဟာလွတ်မြောက်ရာလမ်းစဉ်ထဲမှာရှိနေပြီးပါပြီ။ သင့်မှာရှိဖို့လိုအပ်တာက ယုံကြည်ခြင်းတခုထဲပါ။ ယုံကြည်ခြင်းဆိုတာကလဲ အင်မတန်ရိုးရှင်းပါတယ်။ ယုံကြည်ခြင်းက လွဲပြီး ဘုရားသခင်က ဘာမှမတောင်းဆိုပါဘူး။ သင်ပြန်လည်ရရှိမယ့်အရာက ထာဝရအသက်ပါ။ ဘုရားပေးတဲ့လက်ဆောင်မွန်ကို ယုံကြည်ခြင်းနဲ့ဘဲလက်ခံရရှိတာပါ။

ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော
ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊
ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။
(ယော၊၁း၁၂)

## ကျေးဇူးတော်နှင့်ယုံကြည်ခြင်း

သင်ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာက ဘုရားသခင်အတွက်အရေးမကြီးပါဘူး။ ဘုရားသခင်သတ်မှတ်ထားတဲ့စံချိန်ကိုမှီတဲ့သူ တစ်ယောက်မှမရှိပါဘူး။ သင့်မှာရှိတဲ့ အပြစ်တရားကလဲ ဘုရားသခင်အတွက်ပြဿနာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ လူသားရဲ့ အပြစ်ကြွေးစာရင်းကိုလဲ ပိတ်ပေးပြီးပါပြီ။ သင့်ရဲ့လုပ်ဆောင်မှုတွေနဲ့ အသက်ရှင်မှုတွေကလဲ ဘုရားသခင်အတွက်သိပ်အကြောင်းမဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့

ကျေးဇူးတော်ကြောင့်သာ ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ရောက်ရတာပါ။ ကိုယ်ကောင်းလို့ မဟုတ်ပါဘူး။

ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်
ကယ်တင်ခြင်းသို့ရောက်ရ၏။
ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။
ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။
ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။
သို့ဖြစ်၍အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ (ဧဖက်၊ ၂း၈-၉)

ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်တယ်ဆိုတာက ဘုရားသခင်ရဲ့နိယာမပါ။ ယေရှုခရစ်ကဘဲ ကယ်တင်ခြင်းသို့ရောက်ဖို့လုပ်ဆောင်ပေးတာပါ။ ယေရှုခရစ်ကိုယုံကြည်တယ်ဆိုတဲ့အဓိပ္ပါယ်က ဘုရားသခင်ရဲ့ကျေးဇူးလက်ဆောင်ကိုသင်ရတယ် လို့ဆိုလိုတာပါ။

## ဘယ်လိုကယ်တင်ခြင်းသို့ရောက်မှာလဲ

ယုံကြည်ခြင်းက ကယ်တင်ခြင်းသို့ရောက်ဖို့အတွက် အဓိကအချက်တချက်ပါ။ သခင်ယေရှုခရစ်က သင့်ကိုလွတ်ခြင်းအခွင့်ပေးပြီးပြီဆိုတာက သခင်နဲ့ပတ်သက်ပြီး သင်ကိုယ်တိုင်ဘယ်လိုဆုံးဖြတ်မလဲဆိုတဲ့ ရွေးချယ်မှုတခုလဲဖြစ်ပါတယ်။ ထိုသခင်ကို လက်ခံမလား ငြင်းပယ်မလားဆိုတာကတော့ သင်ရဲ့ဆုံးဖြတ်မှုပါဘဲ။

သားတော်ကိုယုံကြည်သောသူသည်ထာဝရအသက်ကိုရ၏။
သားတော်ကိုပယ်သောသူမူကားအသက်ကိုမတွေ့ရ။
ထိုသူ၏အပေါ်၌ဘုရားသခင်၏အမျက်တော်တည်နေသည်ဟု
ယောဟန်ဟောပြောလေ၏။ (ယောဟန်၊ ၃း၃၆)

သင်အကောင်းဆုံးကြိုးစားလုပ်ဆောင်လဲဘဲ ဘုရားသခင်နဲ့စစ်မှန်တဲ့တော်စပ်မှုရရှိဖို့ မဖြစ်နိုင်သလို ထိုက်တန်မှုလဲမရှိပါဘူး။ သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအကြောင်းက လွဲပြီး တခြားအမွေခံနိုင်စရာမရှိပါဘူး။ လက်ဝါးကပ်တိုင်ပေါ်မှာယေရှုခရစ်တော်ဘုရား လုပ်ဆောင်ပေးခဲ့တော်မူချက်ကို ယုံကြည်ခြင်းကသာ ကယ်တင်တော်မူခြင်းကိုခံရတယ်ဆိုတဲ့ ဖြစ်နိုင်စရာအကြောင်းပါ။ ယုံကြည်ခြင်းဆိုတာကတော ခရစ်တော်ရဲ့သတင်းစကားနဲ့ လုပ်ဆောင်ချက်ကို ဆုံးဖြတ်လက်ခံရယူခြင်းသာဖြစ်ပါတယ်။ ခရစ်တော်ကို ယုံကြည်ခြင်းတခု ထဲသာ ကယ်တင်ခြင်းသို့ရောက်ရခြင်းဖြစ်ပါတယ်။

ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊
ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟု
ငါအမှန်အကန် ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ (ယောဟန်၊၃း၃ (ခ))

ငါအမှန်အကန်ဆိုသည်ကား၊ငါ့စကားကိုနားထောင်၍
ငါ့ကိုစေလွှတ်တော်မူသောသူကိုယုံကြည်သောသူသည်
ထာဝရအသက်ကိုရသည်ဖြစ်၍အပြစ်စီရင်ခြင်းကိုမခံရ။
သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။ (ယောဟန်၊၅း၂၄)

## အသက်ရှင်ခြင်းလေလား ရှင်ခြင်းလား

ခရစ်တော်နဲ့ပတ်သက်ပြီးသင်ဆုံးဖြတ်ချက်ချရမယ့်အရာက သင့်အတွက်အရေးအကြီးဆုံးအရာပါ။ သင့်ရဲ့ထာဝရအနာဂတ်ကိုသင်ရွေးချယ်ရတာဖြစ်ပါတယ်။ သင်မယုံကြည်ဘူးဆိုရင်တော့ ဘုရားသခင်ရဲ့အိမ်ထောင်မိသားစုဝင်ဖြစ်ရခြင်းရဲ့ အပြင်ဖက်မှာကျန်ရှိနေမှာဖြစ်ပြီး ဘုရားသခင်ရဲ့ထာဝရအသက်ကိုလဲခံစားရမှာမဟုတ်ပါဘူး။

ငါ့ကိုယုံကြည်သောသူသည်သေလွန်သော်လည်းရှင်လိမ့်မည်။
ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့သည်လည်း
သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလတ်ိမ့်မည်။
(ယောဟန်၊၁၁း၂၅(က)–၂၆(ခ))

ယေရှုခရစ်တော်ကိုမယုံကြည်ဘဲသေဆုံးသွားခဲ့မယ်ဆိုရင်တော့ သင့်ရဲ့နာမည်ဟာအသက်စာစောင်စာရင်းထဲကနေ ပယ်ဖျက်ခြင်းခံရမှာဖြစ်ပါတယ်။ ပြီးတော့သင်ဟာ အမြင့်ဆုံးကောင်းကင်တရားပလ္လင်ရှေ့မှာရပ်ပြီးတရားစီရင်ခြင်းကိုခံရမှာလဲဖြစ်ပါတယ်။
အသက်စာစောင်ထဲမှာစာရင်းမဝင်တဲ့ သူတွေအားလုံးကတော့ ထာဝရငရဲမီးအိုင်ထဲမှာထာဝရကာလ တရားစီရင်ခြင်းကိုခံရမှာပါ။

အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း
မီးအိုင်ထဲသို့ ချပစ်လေ၏။ (ဗျာဒိတ်၊ ၂၀း၁၅)

ယုံကြည်သူတွေအတွက်ထာဝရအပြစ်စီရင်ခြင်းဆိုတာမရှိတော့ပါဘူး။ သေပြစ်နဲ့ဆိုင်တဲ့တရားစီချက်ကိုပယ်ရှင်းပြီးပါပြီ။

ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့်ယေရှုခရစ်၌တည်၍၊
ဇာတိပကတိအတိုင်းမကျင့်ဝိညာဉ်ပကတိအတိုင်း
ကျင့်သောသူတို့သည်အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။
ယေရှုခရစ်၌တည်၍အသက်ရှင်စေသောဝိညာဉ်တော်၏
တရားသည်အပြစ်တရား၏လက်မှငှင်း၊
သေခြင်းတရား၏လက်မှငှင်း၊ ငါ့ကိုကယ်လွှတ်ပြီ။ (ရောမ၊၈း၁-၂)

ယေရှုခရစ်ကိုယုံကြည်တဲ့သူတွေအတွက် ဘဝရဲ့အဓိပ္ပါယ်၊ ရည်ရွယ်ချက်နဲ့ ဦးတည်ရာတွေကို ဘုရားသခင်ကကျေးဇူးပြုပေးပါတယ်။

## ဘုရားသခင်၏မိသားစုထဲကဘဝအသက်တာ

ခရစ်တော်ကိုယုံကြည်တာနဲ့တပြိုင်ထဲမှာ သင်ဟာ ဘုရားသခင်နဲ့တော်စပ်ဆက်နွယ်မှုနဲ့အသက်တာသစ်ကိုခံစားရပါတယ်။ သင်ဟာဘုရားသခင်ရဲ့မိသားစုဝင် ဖြစ်သွားပါတယ်။ ယုံကြည်သူတိုင်းဟာ ဘုရားသခင်ရဲ့ထာဝရသားသမီးဖြစ်ခြင်းအခွင့်ကိုရပါတယ်။

အဘယ်သို့နည်းဟူမူကား၊သင်တို့အပေါင်းသည်
ယေရှုခရစ်ကိုယုံကြည်သဖြင့်ဘုရားသခင်၏သားဖြစ်ကြ၏။
(ဂလာတိ၊၃း၂၆)

ယုံကြည်သူတစ်ယောက်အနေနဲ့ အခြေအနေအသစ်တခုကိုရောက်ပြီဆိုပေမယ့် သင်ဟာစုံလင်သူဖြစ်သွားပြီလို့ဆိုလိုတာတော့မဟုတ်ပါဘူး။
အပြစ်ရဲ့သဘာဝဗီဇကိုပိုင်ဆိုင်ထားဆဲဖြစ်တာကြောင့် အမှားတွေနဲ့အပြစ်တွေကိုဆက်ပြီးလုပ်မိနေဦးမှာပါ။ မိသားစုထဲမှာ ကောင်းမွန်အောင်မြင်တဲ့သားသမီးတွေရှိသလို မအောင်မြင်တဲ့သားသမီးတွေလဲရှိမှာပါ။ ယုံကြည်သူတွေမှာလဲ ဒီလိုပါဘဲ။ ယုံကြည်သူတွေလဲကျရှုံးတတ်ပါတယ်။ တချို့ဆိုဆိုးဆိုးဝါးဝါးဖြစ်တတ်ပါတယ်။ ဒါပေမယ့် ဘုရားသခင်ကသူရဲ့သားသမီးတွေကို ဘယ်တော့မှပစ်မထားပါဘူး။ သင်ဟာယုံကြည်သူတစ်ယောက်အနေနဲ့ဘယ်လောက်များများရှုံးနိမ့်ဆိုးသွမ်းပါလေစေ ဘုရားသခင်ရဲ့အထဲမှာ ဘယ်တော့မှအဆုံးမရှိတဲ့လုံခြုံခိုင်မာမှု အမြဲရှိပါတယ်။

ထာဝရအသက်ကိုလည်းငါပေး၏။
ထိုသိုးတို့သည်ပျက်ဆီးခြင်းနှင့်အစဉ်မပြတ်
ကင်းလွတ်ကြလိမ့်မည်။အဘယ်သူမျှထိုသိုးတို့ကို
ငါ့လက်မှမနှုတ်မယူရာ။ (ယောဟန်၊၁၀း၂၈)

ထာဝရဘုရားနဲ့သင့်ရဲ့တော်စပ်မှုအသစ်က အမြဲထာဝရပါ။ သခင်ယေရှုခရစ်ယုံကြည်ပြီး ကယ်တင်ခြင်းသို့ရောက်ပြီးပြီဆိုတာနဲ့ဘယ်တော့မှမဆုံးရှုံးတော့ပါဘူး။သင်ဟာအပြစ်ကျေးကျွန် ဈေးကွက်ကိုထာဝရကြောခိုင်းပြီး အခြေအနေပေါ်မူတည်မှုမရှိတဲ့ ထာဝရဘုရားရဲ့ ကတိတော် တွေကြောင့်လုံခြုံမှုရှိပါပြီ။

ဘုရားသခင်ရဲ့ စုံလင်ဖြောင့်မတ်ခြင်းက သင့်အတွက်အာမခံချက်ပါ။ ဘုရားသခင်က သင့်ကိုအစဉ်ထာဝရချစ်နေသူပါ။ သင့်ကို ဘုရားသခင်ပေးထားခဲ့တဲ့ကတိတော်တွေနဲ့ သူရဲ့ သတ်မှတ်စံတွေကဘယ်တော့မှမပြောင်းပါဘူး။ ဘုရားသခင်နဲ့သင့်ကြားထဲကအတားအဆီးက ထာဝရဖယ်ရှားပြီးသားပါ။ ယုံကြည်သူတစ်ယောက်အနေနဲ့သင့်ကို ဘုရားသခင်နဲ့ကွဲကွာအောင် ဘယ်ရာကမှလုပ်လို့မရပါဘူး။ သင့်ရဲ့ထာဝရကယ်တင်ခြင်းကို ဘယ်အရာကမှအဝေးကို ယူသွားလို့မရပါဘူး။

> အကြောင်းမူကား၊သေခြင်းဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊
> ကောင်းကင်တမန်ဖြစ်စေ၊အထွဋ်အမြတ်ဖြစ်စေ၊
> အာဏာတန်ခိုးဖြစ်စေ၊မျက်မှောက်အရာဖြစ်စေ၊
> နောင်လာလတံ့သောအရာဖြစ်စေ၊အမြင့်ဖြစ်စေ၊အနိမ့်ဖြစ်စေ၊
> ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသောဘုရားသခင်၏
> မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်ဟုငါသည်သဘောကျလျက်ရှိ၏။
> (ရောမ၊၈း၃၈-၃၉)

## ကယ်တင်ခြင်းသို့ရောက်ပြီးနောက် မည်သို့နည်း

ယုံကြည်သူတစ်အနေနဲ့ သင်ဟာအသက်သစ်ထဲကိုရောက်သွားခဲ့ပြီးဖြစ်တယ်။ အခုတော့ သင်ဟာ ခမည်းတော်ဘုရားသခင်နဲ့ ပြီးတော့သားတော်ဖြစ်တဲ့ ယေရှုခရစ်နဲ့ *အမြဲထာဝရ* တလုံးတဝတည်းဖြစ်သွားပါပြီ။ သင်ဟာ ခရစ်ယာန်တစ်ယောက်ဖြစ်သွားပါပြီ။

> လူမည်သည်ကား၊ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။
> ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ခပ်သိမ်းသောအရာတို့သည်
> အသစ်ဖြစ်ကြပြီ။ (၂ကော၊၅း၁၇)

ယုံကြည်သူအသစ်တစ်ဦးဖြစ်ပြီဆိုတာနဲ့တပြိုင်နက်ထဲ ဘုရားသခင်ထံကတန်ခိုးတော်နဲ့ ထောက်ပံ့မှုခံစားရပါတယ်။ ဘုရားသခင်က သင်မြေကြီးပေါ်မှာအသက်ရှင်ချိန်မှာဘဲဖြစ်ဖြစ်

သေဆုံးပြီးတဲ့နောက်ပိုင်း သူနဲ့ကောင်းကင်မှာထာဝရကာလ နေချိန်မှာဘဲဖြစ်ဖြစ် အမြဲတမ်း စောင့်မထောက်ပံ့ပေးနေမှာဖြစ်ပါတယ်။

> ငါ၏ဘုရားသခင်သည်ဘုန်းအာနုဘော်၌စုံပယ်တော်မူသော
> စည်းစိမ်ရှိသည်အတိုင်း၊သင်တို့အလိုရှိသမျှတို့ကို
> ယေရှုရစ်အားဖြင့်ပြည့်စုံစေတော်မူလိမ့်မည်။ (ဖိလိပ္ပိ၊၄း၁၉)
>
> *ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌*ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို
> ခရစ်တော်အားဖြင့်ငါတို့အားပေးသနားတော်မူသော
> ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည်
> *မင်္ဂလာရှိတော်မူစေသတည်း*။ (ဧဖက်၊၁း၄)

သင်အပြစ်တခုခုကျူးလွန်မိခဲ့တယ်ဆိုရင်လဲ ဘုရားသခင်ရဲ့ကျေးဇူးတော်က သင့်ကို သန့်စင်စေပြီး သူ့ရဲ့အစီအစဉ်တော်စုံလင်စေဖို့ ဆက်လက်လမ်းပြမှာဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းဖေါ်ပြရမယ်ဆိုရင်

> ကိုယ်(ကိုယ်နံမယ်)ပြစ်တို့ကိုဘော်ပြတောင်းပန်လျှင်(အဖခမည်းတော်ထံ)
> ငါတို့အပြစ်များ(သိလျှက်နဲ့လုပ်မိတဲ့အပြစ်တွေ)ကိုလွှတ်၍ဒုစရိုက်ရှိသမျှနှင့်
> ကင်းစင်စေခြင်းငှါ(မေ့လျော့နေတဲ့အပြစ်တွေ)ဘုရားသခင်သည်
> သစ္စာတရားနှင့်၄င်း၊ဖြောင့်မတ်ခြင်းတရားနှင့်၄င်းပြည့်စုံတော်မူ၏။
> (၁ယော၊၁း၉)

ဒါကြောင့် သင်ဟာကယ်တင်ခြင်းသို့ရောက်တဲ့အချိန်ကစပြီး ခရစ်ယာန်တစ်ယောက် အနေနဲ့အသက်ရှင်နိုင်ဖို့လိုအပ်တဲ့အရင်းအမြစ်မှန်သမျှအားလုံးရှိပြီဖြစ်တယ်။ သမ္မာတရားကိုသင်ကြားပေးတဲ့ဆရာတွေဆီကလေ့လာခံယူပြီး သင့်အတွက် ဘုရားသခင်ရဲ့ အကြံတော်ကို နားလည်လာမှာလဲဖြစ်တယ်။ သမ္မာကျမ်းစာ တနည်းအားဖြင့် "ခရစ်တော်၏စိတ်" (၁ကော၊၂း၁၆ (ခ)) က သင့်အသက်တာသစ်အတွက် ဘုရားသခင်ရဲ့ လမ်းပြဖြစ်ပါတယ်။

သင်အမှန်တကယ်လေ့လာခံယူလိုတယ်ဆိုရင် ဘုရားသခင်ကသူ့ရဲ့စကားတော် သင့်ထံ ရှင်းရှင်းလင်းလင်းတိတိကျကျရောက်လာဖို့ သင်းအုပ်ဆရာတွေကို ပြင်ဆင်ပေးထားပါတယ်။ အဓိကအရေးကြီးတဲ့အချက်ကတော့ သမ္မာကျမ်းစာကကိုယ့်ကိုပြောပြစရာရှိတာတွေကို ပုံမှန် အာရုံစိုက် နားထောင်ဖို့ပါ။ သမ္မာကျမ်းစာရဲ့သြဝါဒတွေကို လေ့လာ၊ ဆင်ခြင်၊ လက်တွေ့အသက်ရှင်ခြင်းအားဖြင့် လူသစ်တစ်ယောက်အနေနဲ့ သင့်ရဲ့ဝိညာဉ်ရေးရာ ရင့်ကျက် ကြီးထွားလာမှာဖြစ်ပါတယ်။

ကယ်တင်ခြင်းသို့ရောက်ပြီးနောက် ဝိညာဉ်ရေးရာအသက်တာရင့်ကျက်လာမှု ကောင်းသော ပုံသက်သေနဲ့ အကျင့်ကောင်းတွေကတော့ သမ္မာတရားကိုကို ခံယူခြင်းနဲ့အသုံးပြုခြင်းရဲ့ အကျိုးကျေးဇူးတွေဖြစ်ပါတယ်။

**သင်ရဲ့ထာဝရရွေးချယ်မှု**

ထာဝရကာလဆိုတာအင်မတန်မှရှည်လျားလွန်းပါတယ်။ ထာဝရကာလနဲ့ယှဉ်လိုက်ရင် အချိန်ဆိုတာ ရေပုံးထဲကရေတစက်လိုပါဘဲ။ သင့်ရဲ့အကန့်အသတ်ရှိတဲ့ ဦးနှောက်နဲ့တော့ အဆုံးမဲ့ထာဝရကာလကိုအပြည့်အဝသိနိုင်မှာမဟုတ်ပါဘူး။
နောင်တမလွန်ရေးအတွက်ပြင်ဆင်ဖို့ သင်ထင်တာထက် သင့်ရဲ့နှစ်တွေ ပိုပြီးတိုတောင်း ပါတယ်။ သင်ရဲ့ဘဝဟာ အပ်ချည်ကြိုးကောင်းကောင်းတစ်ချောင်းနဲ့ချိတ်ဆွဲထားသလိုပါဘဲ။

**ခရစ်တော်ကိုယုံကြည်ချိန်မှာတော သင်ဟာဘာကိုမျှော်ကြည့်ရမလဲဆိုရင်**

ဖောက်ပြန်ခြင်း၊ညစ်စွန်းခြင်း၊ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်ကို
ငါတို့သည်ခံရစေမည်အကြောင်း၊
သင်တို့အတို့ကောင်းကင်ဘုံ၌သိုထားလျက်ရှိသောအမွေတည်း။ (၁ပေ၊၁း၄(ခ)

သမ္မာကျမ်းစာထဲမှာ ကောင်းကင်အကြောင်းကိုအနည်းငယ်ဘဲဖေါ်ပြပါတယ်။ ဒါပေမယ့် သေချာတာကတော့ ကျွန်တော်တို့ထင်တာထက်ပိုပြီးအံ့သြဖွယ်ဘုန်းတော်နဲ့ပြည့်နေတယ်ဆိုတာ ပါဘဲ။

ဘုရားသခင်သည်သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကို
သုတ်တော်မူမည်။နောက်တဖန်သေဘေးမရှိရ။
စိတ်မသာညည်းတွားခြင်း၊အော်ဟစ်ခြင်း၊ပင်ပန်းခြင်းလည်းမရှိရ။
အကြောင်းမူကား၊ရှေးဖြစ်ဘူးသောအရာတို့သည်ရွေ့သွားကြပြီ။ (ဗျာဒိတ်၊၂၁း၄)

အားလုံးထက်အံ့သြစရာအကောင်းဆုံးကတော့ သခင်ယေရှုကို ဖြစ်တော်မူတဲ့အတိုင်း တွေ့မြင် ကြရမှာဘဲဖြစ်ပါတယ်။

ထိုသားတော်သည်ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့်
ဇာတိအဖြစ်တော်၏ပုံသဏ္ဍာန်ဖြစ်၍၊တန်ခိုးနှင့်ပြည့်စုံသော

မိမိအမိန့်တော်အားဖြင့်ခပ်သိမ်းသောအရာတို့ကိုမစတော်မူသောသူဖြစ်လျက်၊ (ဟေဗြဲ၊၁း၃(က))

အခုသင်သာအကြီးမားဆုံးနဲ့အရေးကြီးဆုံးဖြစ်တဲ့ ဆုံးဖြတ်ချက်ချရွေးချယ်မှုကို ငြင်းပယ်ခဲ့မယ်ဆိုရင် ထာဝရအိပ်မက်ဆိုးကြီးကိုသင်ရွေးချယ်လိုက်တာပါဘဲ။ သင့်ကိုယ်စား လက်ဝါးကပ်တိုင်ပေါ် မှာနာကျင်စွာဝေဒနာခံစားခဲ့ရသူကို မလေးမစားငြင်းပယ်လိုက်ခြင်းရဲ့ အကျိုးဆက်တွေကတော့ အလွန်ဆိုးဝါးပါတယ်။

တခြားရွေးချယ်လိုက်တဲ့အရာကတော့မာရ်နတ်နဲ့သူ့ရဲ့တမန်တွေအတွက်ပြင်ဆင်ထားတဲ့ မီးငရဲအိုင်ဘဲဖြစ်ပါတယ်။ (မဿဲ၊၂၅း၄၁)။ ဒီနေရာကတော့ အပြစ်ကျွန်စျေးကွက်ထဲက လွတ်မြောက်အောင်ဘုရားသခင်ကျေးဇူးပြုတာကို ငြင်းပယ်သူတွေ အလွန်နာကျင်စွာခံစားရပြီး ရှည်ကြာတဲ့ကပ်ကမ္ဘာတခုလိုဖြစ်တဲ့နေရာပါ။ မယုံကြည်သောသူများအတွက် မျှော်လင့်ချက်မဲ့ပြီး နာကျင်မှုပြင်းစွာခံစားရမယ့် အဲ့ဒီနေရာကို တချက်လောက်ကြည့်စေချင်ပါတယ်။

ကန့်နှင့်ရောနှောသောမီးအိုင်ထဲသို့ချပစ်လျှင်၊
သူတို့သည်နေ့ညဉ့်မပြတ်ကမ္ဘာအဆက်ဆက်ပြင်းစွာသော
ဝေဒနာကိုခံရကြလတံ့။ (ဗျာဒိတ်၊၂၀း၁၀(ခ))

အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း
မီးအိုင်ထဲသို့ချပစ်လေ၏။ (ဗျာဒိတ်၊၂၀း၁၅)

## ရွေးချယ်မှုက သင်နဲ့ဆိုင်

ခရစ်တော်ကိုမရဘဲ ထာဝရအနာဂတ်အတွက် သင်မှန်ကန်တဲ့ရွေးချယ်မှုမရှိသေးဘူး ဆိုရင် သင်ဟာမျှော်လင့်ချက်မရှိ၊ ထာဝရအသက်မရှိသူဖြစ်တယ်။ သင်ဟာအပြစ်ရှိသူတစ်ဦး အနေနဲ့ရပ်တည်ရတာဖြစ်တဲ့အတွက်ကြောင့် သင့်အတွက်စီရင်ချက်ကတော့ မီးငရဲအိုင်ဘဲ ဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် သခင်ယေရှုလက်ဝါးကပ်တိုင်ပေါ် တက်ခဲ့စဉ်က *သင်ဟာ* သူ့ရဲ့ စိတ်နှလုံးထဲမှာရှိပြီးသားပါ။ ခရစ်တော်က သင့်နေရာကိုယူပြီး သင့်ကိုယ်စားတရားစီရင်ခြင်းကို ခံခဲ့တာပါ။ အမှန်တော့ သင့်ကိုယ်စားအသေခံခဲ့တာပါ။

ငါတို့သည်အပြစ်ရှိစဉ်ပင်၊ခရစ်တော်သည်ငါတို့အတွက်ကြောင့်
အသေခံတော်မူသည်ဖြစ်၍၊ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှ
လောက်ချစ်တော်မူသည်ကိုငါတို့အားထင်ရှားစွာပြတော်မူ၏။
(ရောမ၊၅း၈)

ယေရှုခရစ်တော်နဲ့ပတ်သက်ပြီး လွတ်လပ်စွာဆုံးဖြတ်ရွေးချယ်နိုင်ဖို့ သင့်ကို ဘုရားသခင်က အခွင့်ပေးထားပါတယ်။ အခုဘဲ ရိုးရိုးလေးယုံကြည်ခြင်းနဲ့ဝန်ခံပြီး ထာဝရအသက်လက်ခံရယူနိုင်ပါတယ်။

> ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်
> ပျက်ဆီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊
> ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကို(ထူးဆန်းစွာမွေးဖွားခဲ့သူ)
> စွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။
> (ယောဟန်၊၃း၁၆)

ဘုရားသခင်ပေးတဲ့လက်ဆောင်ဆိုတာ သင့်အတွက်မဟာအခွင့်အရေးပါ။ ခရစ်တော်ကို ရွေးချယ်ခြင်းဆိုတာက သင့်ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ။ ဘယ်သူကမှ သင့်အတွက် ဆုံးဖြတ်ချက်ချရွေးချယ်ပေးလို့မရပါဘူး။ နောက်ပြီး ဘယ်သူကမှ သင်ဆုံးဖြတ် ရွေးချယ်အောင် တိုက်တွန်းသွေးဆောင်လို့မရပါဘူး။ သင့်အတွက် သင်ကိုယ်တိုင် ဆုံးဖြတ်ရမှာပါ။ သင့်ဝိညာဉ်ရေးဖြစ်တဲ့အတွက်ကြောင့် သင်ကိုယ်တိုင် သခင်ယေရှုကို ယုံကြည်တာပါလို့ ခမည်းတော်ဘုရားသခင်ထံပြောရမှာဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး သင့်ရဲ့ ထာဝရအရေးက လုံခြုံစိတ်ချမှုရှိသွားရတာပါ။

သခင်ခရစ်တော်ကို ယုံကြည်တယ်လို့သင်ဆုံးဖြတ်ချလိုက်တာနဲ့ သင်ဟာ ထာဝရအသက်ကို ရရှိသူတစ်ဦးဖြစ်တယ်ဆိုတာ စိတ်ချမှုရှိပါပြီ။ ထာဝရဘုရားနဲ့ ထာဝရမိဿဟာယရှိသွားပါပြီ။ ကောင်းကင်ရွှေပြည်တော်မှာ ထာဝရဘုရားနဲ့ ထာဝရကာလ အတူရှိရတော့မှာဖြစ်ပါတယ်။ ခရစ်တော်ကို *ယုံကြည်ခြင်းတခုထဲသာ* ကယ်တင်ခြင်း ဖြစ်ပါတယ်။

**ရွေးချယ်မှုက သင်အငန်းအတာပါ။**